ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၁၉) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ မေးခွန်းမေးမြန်းခြင်းနဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်တို့ အရင်လည်းပဲ တင်ပြခဲ့ဖူးပြီးဖြစ်ပါတယ်။ မေးခွန်းမေးမြန်းတဲ့အခါမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ (ဂ)မှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကတော့ လွှတ်တော်ကိုယ်စားလှယ်သည် ဥက္ကဋ္ဌက မိမိအမည်ကို ခေါ်သည့်အခါ ကြယ်ပွင့်ပြထားသော မေးခွန်းကို မေးမြန်းရမည်။ ထိုသို့ မေးမြန်းရာတွင် မေးမြန်းချိန် (၃)မိနစ်ထက် မပိုစေရ။ ဥက္ကဋ္ဌက ခွင့်ပြုလျှင် နောက်ထပ်(၂)မိနစ်ဆက်ပြီး မေးမြန်းနိုင်သည် ဆိုပြီးတော့ ကျွန်တော်တို့ နည်းဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ပထမဦးဆုံးမေးတဲ့အချိန်မှာ (၃)မိနစ် ပြည့်လို့ရှိရင်ပြောနေတဲ့စကား ရပ်သွားမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ မေးခွန်းမပြီးသေးဘူးဆိုလို့ရှိရင်တော့ ဥက္ကဋ္ဌထံကို တင်ပြပြီးတော့မှတောင်းရင် နောက်ထပ်(၂)မိနစ်ရမှာ ဖြစ်ပါတယ်။ ဒါကို မေးမြန်းတဲ့အခါမှာ သတိထားလို့ရအောင် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မဂ်လာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၀၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ ၄-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်မှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမိုးမြင့်အောင် ဖြစ်ပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသူ(၁)ဦး ဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ (၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာနှင့် ကျောက်အိုင်ကျေးရွာအစပ် ရန်ကုန် - နေပြည်တော် အမြန်လမ်း မိုင်တိုင်(၃)နှင့် မိုင်တိုင်(၅)အကြား လမ်းဘေးမြေလွတ်မြေလပ်တွင် ''ရတနာအောင်''ကျေးရွာသစ် စီမံကိန်း၌ အိမ်၊ ခြံမြေကွက် ဝယ်ယူနေထိုင်ခဲ့ကြသော အိမ်ခြေ (၈၀၀၀) ကျော်အား ကျူးကျော်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အင်အားသုံး ဖျက်သိမ်းနှင်ထုတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်၍ နစ်နာသူများအား လျော်ကြေး၊ နစ်နာကြေးများပေးရန်နှင့် နေရာထိုင်ခင်း စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာနှင့် ကျောက်အိုင်ကျေးရွာအစပ် ရန်ကုန် - နေပြည်တော် အမြန်လမ်း မိုင်တိုင်(၃)နှင့် မိုင်တိုင်(၅)အကြား လမ်းဘေးမြေလွတ်မြေလပ်တွင် " ရတနာအောင် " ကျေးရွာသစ်စီမံကိန်း၌ အိမ်၊ ခြံမြေကွက် ဝယ်ယူနေထိုင်ခဲ့ကြသော အိမ်ခြေ(၈၀၀၀)ကျော်အား ကျူးကျော်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အင်အားသုံး ဖျက်သိမ်းနှင်ထုတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်၍ နစ်နာသူများအား လျော်ကြေး၊ နစ်နာကြေးများပေးရန်နှင့် နေရာထိုင်ခင်း စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်သူ အပါအဝင် အားလုံးကို မင်္ဂလာပါလို့ အလေးအနက်ထား နှုတ်ခွန်းဆက်

ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာနှင့် ကျောက်အိုင်ရွာအစပ် ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်(၃)နှင့် မိုင်တိုင်(၅)အကြား လမ်းဘေးမြေလွတ်မြေလပ်တွင် "ရတနာအောင်" ကျေးရွာသစ်စီမံကိန်း၌ အိမ်၊ ခြံမြေကွက် ဝယ်ယူနေထိုင်ခဲ့ကြသော အိမ်ခြေ(၈၀၀၀) ကျော်အား ကျူးကျော်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အင်အားသုံး ဖျက်သိမ်းနှင်ထုတ်ခြင်းအား ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ စိစစ်၍ နစ်နာသူများအား လျော်ကြေး၊ နစ်နာကြေးများပေးရန်နှင့် နေရာထိုင်ခင်းသစ်များ စီစဥ်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဥ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြစ်စဥ်အကျဥ်းကို ဆက်လက်တင်ပြပါ့မယ်။ အချင်းဖြစ်နေရာကို ၂၀၁၃ ခုနှစ်ကပင် လှည်းကူးမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ခံများဖြစ်ကြသည့် ဦးသိန်းစိုး နှင့် ဦးပြုံးချို တို့က ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် ပေ(၆၀x၄၀)ရှိ အိမ်ခြံမြေကွက် (၅၀၀)ကျော်ကို စလစ်များနှင့် ရောင်းချခဲ့သဖြင့် အိမ်ခြေ (၅၀၀)ကျော် ဝယ်ယူအခြေချနေထိုင်ခဲ့ကြကြောင်း သိရှိခဲ့ရပါတယ်။ စလစ်နမူနာကို Slide-1 ဖြင့် ပြသပါမယ်။ အဲဒါကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကနေပြီးတော့ အိမ်ခြံမြေကွက်များ ကြေညာပြီးတော့ ရောင်းချပေးနေတဲ့ အစီအစဥ်ဖြစ်ပါတယ်။ Slide A,B,C,D ကို ဆက်ပြီးတော့ ထိုးပေးပါ။ ဒါကတော့ ကျွန်တော်တို့ လူတွေကသွားပြီးတော့ အဲဒီမှာဝယ်ပြီးတော့ စလစ်ပြားထုတ်နေတဲ့ပုံ ဖြစ်ပါတယ်။ Slide - E ကို ဆက်ပေးပါ။ အဲဒီတော့ ဒါကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးက သူတို့(၁၀)ဦး အဖွဲ့ဖွဲ့ပြီးတော့ ဒါ ရောင်းချနေတာပါ။ ဒါမြေရာကွက်တွေကို ရောင်းချတဲ့ (၁၀)ဦးအဖွဲ့ ဖြစ်ပါတယ်။

အဲဒီတော့ ဆက်လက်ပြီးတော့ တင်ပြပါ့မယ်။ ၂၀၁၃ ခုနှစ်မှာ ကြံ့ခိုင်ရေးဖွံ့ဖြိုးရေးက ရောင်းချပြီးတော့ ၂၀၁၄ ခုနှစ်မှာ KNU----------

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။နောက်ထပ် (၂)မိနစ် ခွင့်ပြုတယ်။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အဖွဲ့အစည်းက သမ္မတကြီး၏ မြန်မာ-ကိုရီးယားမှ ကူညီပေးမည့် NDI တည်ဆောက်ရေးစီမံကိန်းနှင့် ကျေးရွာသစ်အကောင်အထည်ဖော်ရေးတို့အတွက် ပူးတွဲ Forum သို့ တက်ရောက်အမှာစကားပြောခဲ့သော မိန့်ခွန်းအား ရည်ညွှန်းပြီး တရားဝင်ဆိုင်းဘုတ်ထောင်ကာ ပေ(၆၀x၄၀)ရှိ အိမ်ခြံမြေကွက်များကို ဆက်လက် ရောင်းချပေးခဲ့ပါတယ်။ ဆိုင်းဘုတ်နှင့် စလစ်ပြေစာများကို Slide-2 နဲ့ ပြသပေးပါ။ အဲဒီတော့ ဆက်လက်ပြီး တင်ပြရရင် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် စီမံကိန်းတစ်ရပ်အဖြစ် မြေလွတ်၊ မြေရိုင်းများတွင် တာဝန်ရှိပုဂ္ဂိုလ်များက ယုံကြည်လောက်သော အထောက်အထားများဖြင့် ရောင်းချခဲ့သဖြင့် ၎င်းတို့သတ်မှတ်ဈေးနှုန်းများအတိုင်း ငွေပေးချေကာ ယုံကြည်စိတ်ချစွာ ဝယ်ယူနေထိုင်ခဲ့ကြပါသည်။ ထိုသို့ဝယ်ယူခဲ့စဥ်က ဝယ်သူများအနေဖြင့် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အိမ်ငှားနေထိုင်

ကြောင်း (ရဝတ) ထောက်ခံချက်နှင့် ဝယ်ယူသူ၏ ဓာတ်ပုံ(၄)ပုံကို အထောက်အထားအဖြစ် ပေးအပ်ကာ ဝယ်ယူခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

ထိုအချိန်ကာလများက အချင်းဖြစ်နေရာဟာ ဆည်မြောင်းဝန်ကြီးဌာန ပိုင်ဆိုင်ကြောင်းဖြင့် တားမြစ်ခဲ့ခြင်း လုံးဝမရှိခဲ့ပါ။ ၂၀၁၃ ခုနှစ်၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးက ရောင်းချစဉ်ကလည်းပဲ တားမြစ်ခဲ့ခြင်းမရှိပါ။ တစ်ခါ ၂၀၁၄၊ KNU က ရောင်းတဲ့အခါမှာလည်းပဲ ဆည်မြောင်းဝန်ကြီးဌာနပိုင်ဆိုပြီးတော့ တားမြစ်ခဲ့ခြင်း မရှိပါ။ လှည်းကူးမြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များကလည်း လုံးဝ တားမြစ်ခဲ့ခြင်းမရှိပါ။ အဲဒီလိုနဲ့ ၁၃-၁၂-၂၀၁၅ ရက်နေ့တွင်မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လက်ရှိနေထိုင်သူများအား ကျူးကျော်သူများအဖြစ် အမြန်ဆုံးဖယ်ရှားပေးရန် ဆိုင်းဘုတ်အား ချိတ်ခဲ့ပါတယ်။ ထိုနေ့တစ်နေ့တည်းမှာပင် (၇)ရက် အတွင်းမှာ လူအများနေထိုင်ရန် ခြံစည်းရိုးကာခြင်း၊ ရေမြောင်းများတူးခြင်း ပြုလုပ်ကြရန် KNU အဖွဲ့မှ ဆိုင်းဘုတ်တင်ခဲ့ပါတယ်။ Slide – 3 ဖြင့် ပြသပါတယ်။


ဆက်လက်ပြီး တင်ပြရရင် ၁၆-၁၂-၂၀၁၅ ရက်နေ့ ညနေပိုင်းတွင် KNU/ KNLA (P.C) မှ တာဝန်ရှိ လူကြီးများဖြစ်ကြသည့် ဗိုလ်မှူးစောတပွေး၊ ဗိုလ်မှူးစောနဂါး၊ ဗိုလ်မှူးစောသာဂေးနှင့် အမိုးကြီးတို့အဖွဲ့မှ ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြောင်းနှင့် ဖျက်သိမ်းထွက်ခွာရန် မလိုအပ်တော့ကြောင်း ရွာသားများအား လာရောက်ပြောကြားခဲ့သော်လည်း နောက်နေ့ ၁၇-၁၂-၂၀၁၅ နံနက် (၅) နာရီ အချိန်ခန့်မှာ ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ဖျက်ဆီးရာတွင် မြေတူးစက် (၁၅)စီးခန့်၊ ရဲဝန်ထမ်း အယောက်(၂၀၀)ခန့်နှင့် (A.G) အမှတ်တံဆိပ်ပါ တီရှပ်အဖြူများ ဝတ်ဆင်ထားသော လူအင်အား အယောက်(၉၀၀)ခန့်တို့မှ A1, A2, A3 အုပ်စု(၃)စုခွဲကာ နေအိမ်များကို တစ်ပြိုင်တည်းဝင်ရောက် ဖျက်ဆီးခဲ့ကြသဖြင့် ရွာသူ၊ ရွာသားများ အိုးမဲ့၊ အိမ်မဲ့ ဖြစ်ခဲ့ကြရပါတယ်။ နေထိုင်ခဲ့တဲ့ (၃)နှစ်တာ ကာလအတွင်းမှာ ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ သီလရှင်ကျောင်း(၁)ကျောင်း အခြေကျဖြစ်နေပြီး ရွာလယ်လမ်းမကြီးမှာလည်း ကွန်ကရစ်လမ်းဖြစ်ပြီး၊ အ.မ.က ကျောင်း(၁)ကျောင်းဆောက်လုပ်နေဆဲ အခြေအနေများ အပါအဝင် မြေကွက်တန်ဖိုး၊ အိမ်ရာအဆောက်အဦတန်ဖိုး အားလုံးဆုံးရှုံးနစ်နာမှုများ ဖြစ်ခဲ့ရပါတယ်။ ဖြစ်စဉ်များအရ ယခုဖျက်ဆီးခံရသူများမှာ ယုံကြည်လောက်သော အထောက်အထား အချက်အလက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ အရ -----------

ရတနာအောင်ကျေးရွာသစ် ဆိုင်းဘုတ်မြင်ကွင်းပုံ  (က)




ဆင်းရဲနွမ်းပါး ပပျောက်ရေး အိုးအိမ်မြေနေရာချထားရေးကော်မတီ၏  ပြေစာပုံ (က-၁)



No. ( 5 )

ဆင်းရဲနွမ်းပါး ပပျောက်ရေး
အိုးအိမ် မြေနေရာချထားရေးကော်မတီ
.................... ရန်ကုန်တိုင်း

အမည် ....................
မှတ်ပုံတင်အမှတ် ....................
အဖအမည် ....................
နေ့စွဲ ....................

စည်းကမ်းရှိရှိ နေထိုင်ရမည်။

0301

ငွေသွင်းသူ        ငွေလက်ခံသူ
                  အတွင်းရေးမှူး

အသိပေးကြော်ငြာ ဆိုင်းဘုတ်များ မြင်ကွင်းပုံ (က-၂)




ကျူးကျော်နေအိမ်တဲများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေသည့် မြင်ကွင်းပုံ (က-၃)



**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အချိန်ကုန်သွားပါပြီ။ မေးခွန်းနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။ ဖြေကြားပြီးရင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁ဝး၁၅။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာပထမအနေနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူပဲ ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာနဲ့ ကျောက်အိုင်ကျေးရွာအစပ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင် (၃)နှင့် မိုင်တိုင်(၅)အကြား မြေဧရိယာ (၁၆၀၈.၈၂)ဧကမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) ရရှိပိုင်ဆိုင်ထားပြီးသော ကျွန်းကလေးစိုက်ကွင်း မြေဧရိယာဖြစ်ပါတယ်။ အဆိုပါ ကျွန်းကလေးစိုက်ကွင်းမြေမှာ ယခင်က မည်သူမျှ အသုံးပြုခြင်းမရှိခဲ့တဲ့ မြေရိုင်းများသာဖြစ်ခဲ့ပြီး၊ ၁၉၉၂ ခုနှစ်၊ ဧပြီလမှာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ကျွန်းကလေးစိုက်ကွင်းအဖြစ် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ငမိုးရိပ်ဆည်ရေရရှိသဖြင့် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ စပါးလင်ဆီမွှေး စီမံကိန်းအရ စပါးလင်ဆီမွှေးကို ပြောင်းလဲစိုက်ပျိုးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ဆည်ရေသောက်ရေရရှိမှုနည်းပါးခဲ့သဖြင့် ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံများသာ စိုက်ပျိုးခဲ့တဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ မြေဧရိယာအတွင်းကို ဦးမောင်နိုင် ဦးဆောင်တဲ့ (၁၁)ဦးအဖွဲ့နှင့် ဦးကံညွန့် ဦးဆောင်တဲ့ (၁၃)ဦးအဖွဲ့တို့ဟာ ၂၅-၃-၂၀၁၅ ရက်နေ့မှစပြီး အကွက်များရိုက်ခြင်း၊ ရောင်းချခြင်း၊ ထွန်စက်များဖြင့် မြေညှိအကွက်ချ၍ ကျူးကျော်တဲများ ဆောက်လုပ်ခြင်း၊ ဆိုင်းဘုတ်များ စိုက်ထူခြင်းများ ပြုလုပ်လျက်ရှိတဲ့အတွက် လှည်းကူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အကြံပြုချက်အရ လှည်းကူးမြို့နယ်၊ မြို့မရဲစခန်းမှာ အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်းကလေးစိုက်ကွင်းမှူးမှ ပ/၁၃၅-၂၀၁၅ ပုဒ်မ ၄၄၇ ဖြင့် အရေးယူ ဆောင်ရွက်ခဲ့တဲ့ ပြဿနာပဲ ဖြစ်ပါတယ်။

အလားတူပဲ ၁၂-၆-၂၀၁၅ ရက်နေ့မှာ စိုက်ကွင်းအုပ်ချုပ်မှုဧရိယာကိုငုံပြီး ကရင်ငြိမ်းချမ်းရေးအဖွဲ့ KNFRP မှလည်း အကွက်ဖော်ထုတ် ရောင်းစားခြင်း၊ တဲဆောက်လုပ်ခြင်းများ ပြုလုပ်လာခဲ့သဖြင့် ရဲစခန်းမှာ ပ/၂၂၄-၂၀၁၅ ပုဒ်မ ၄၄၇ ဖြင့် ထပ်မံအမှုဖွင့်ခဲ့သော်လည်း ဆက်လက်ကျူးကျော်မှုများ ပြုလုပ်လာခဲ့တာကို တွေ့ရပါတယ်။ ကျူးကျော်မှုဖြစ်စဉ်မှာ ဝင်ရောက်ကျူးကျော်နေသူများဟာ စိုက်ကွင်းဧရိယာနှင့် ဆက်စပ်ကျေးရွာများမှမဟုတ်ဘဲ အခြားဒေသများမှ လာရောက်ကျူးကျော်သူများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အထက်ပါဖြစ်စဉ် အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့တဲ့အပြင်

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးသို့လည်း ၂၀-၅-၂၀၁၅ ရက်နေ့မှာ ဥပဒေပိုင်းအကြံဉာဏ်ရယူ တင်ပြခဲ့ပါတယ်။ တိုင်းဥပဒေချုပ်ရုံးမှလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၃၀-၆-၂၀၁၅ ရက်နေ့မှာ ဆက်လက်တင်ပြ အကြံဉာဏ်တောင်းခံ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်တင်ပြခဲ့ပြီး ကျူးကျော်မှုအခြေအနေနဲ့ပတ်သက်ပြီး ဖယ်ရှား ရှင်းလင်းရေးဆောင်ရွက်ရာမှာ ဥပဒေပိုင်းဆိုင်ရာအကူအညီ ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ၁-၉-၂၀၁၅ ရက်နေ့မှာ အကြောင်းပြန်ကြားခဲ့ပါတယ်။ ၇-၁၀-၂၀၁၅ ရက်နေ့မှာ ဒုတိယသမ္မတ ဦးဆောင်သော လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် ၁၈/၂၀၁၅ သို့ အဆိုပါကိစ္စကို တင်ပြခဲ့တဲ့အခါမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။

အထက်ပါဆုံးဖြတ်ချက်ကို ၂၉-၁၀-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၅၁/၂၀၁၅ သို့ တင်ပြခဲ့တဲ့နေရာမှာ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်နေအိမ်များ ဆောက်လုပ်ခြင်းနှင့် ကျူးကျော်ဝင်ရောက် နေထိုင်ခြင်းများအား ရွေးကောက်ပွဲအပြီးကာလတွင် စတင်ဖယ်ရှား ရှင်းလင်းရေးအတွက် တည်ဆဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ Notice စာ ထုတ်ဆင့်အကြောင်းကြားထားရန် ဆုံးဖြတ်ခဲ့ပြီး၊ ၁၃-၁၁-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှာ ကျင်းပပြုလုပ်တဲ့ နိုင်ငံရေးနှင့် လုံခြုံရေးညှိနှိုင်းအစည်းအဝေးမှာ မြေယာကျူးကျော်မှုနဲ့ပတ်သက်တဲ့ ဥပဒေနှင့်အညီ အင်အားသုံး ရှင်းလင်းဆောင်ရွက်ရန်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထပ်မံလမ်းညွှန်ခဲ့ပါတယ်။

ဌာနအနေဖြင့် အထက်ဖော်ပြပါ ဖြစ်စဉ်များကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခဲ့ခြင်း သာဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ကျူးကျော်သူများအနေဖြင့် ခွင့်ပြုချက်မရှိဘဲ ဌာနပိုင်စိုက်ကွင်း ဧရိယာအတွင်းသို့ လမ်းများဖောက်ခြင်း၊ ဓာတ်တိုင်များစိုက်ထူခြင်း၊ ဌာနမှဖော်ထုတ်ထားရှိတဲ့ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ ငမိုးရိပ်လက်ယာမြောင်းခွဲ DY-3 ကို ပိတ်ဆို့ခြင်းများ ပြုလုပ်ပြီး မြို့ကွက်ဟု ထင်ယောင်ထင်မှားဖြစ်အောင် ဖြားယောင်းပြောဆိုကာ ဆင့်ကဲဆင့်ကဲ ရောင်းချ ခဲ့ခြင်းကြောင့် မသိနားမလည်သူများမှလည်း ပိုင်ဆိုင်မှုအထောက်အထားမရှိဘဲ ဝယ်ယူခဲ့ကြတဲ့အတွက် ဆုံးရှုံးနစ်နာခဲ့ရတဲ့ဖြစ်စဉ် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်ပါတယ်။

အထက်ပါ လမ်းညွှန်ချက်အတိုင်း လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၄-၁၁-၂၀၁၅ ရက်နေ့မှာ မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာပြုလုပ်တဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ မကြာမီအချိန်အတွင်း ဥပဒေနဲ့အညီ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်မည်ဖြစ် ကြောင်း၊ မြေကွက်များရောင်းခြင်း၊ ဝယ်ခြင်းများ မပြုလုပ်ကြရန်နှင့် ကျူးကျော်ဝင်ရောက်သူများ အမြန်ဆုံးဖယ်ရှားရန် သတိပေးကြေညာချက်ကို ကျူးကျော်မြေဧရိယာအတွင်းမှာရှိတဲ့ နေရာ(၁၀) နေရာမှာ ဗီနိုင်းပိုစတာများစိုက်ထူခြင်း၊ စိုက်ကွင်းပတ်လည်မှာရှိတဲ့ ကျေးရွာအားလုံးကို လော်စပီကာဖြင့် လှည့်လည်ကြေညာပေးခြင်း၊ သတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် သက်ဆိုင်ရာမြို့နယ် အဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုအသုံးပြုကာ ဆောင်ရွက်ခဲ့ပါတယ်။ ၂၄-၁၁-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာလည်းပဲ ကြေညာခြင်းများဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့တဲ့ ၁၉၅၅ ခုနှစ် အစိုးရဥပစာနှင်ထုတ်ခြင်းနည်းလမ်းအရ ကျူးကျော်သူများအား

အမြန်ဆုံးနှင့် ထိရောက်ဟန့်တားနိုင်သော ဖြေရှင်းဆောင်ရွက်သောနည်းဖြင့် အင်အားသုံး ဖြေရှင်း ဆောင်ရွက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။

ထိုသို့ ဖြေရှင်းခဲ့ပြီးတဲ့နောက်မှာ ဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ကန့်သတ်ချက်များ ရှိလာပါ၍ ၄-၂-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၅/၂၀၁၆ သို့တင်ပြပြီး နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီးလည်း ဖြစ်ပါ တယ်။ သို့ဖြစ်တဲ့အတွက် ကိုယ်စားလှယ်ကြီးမေးမြန်းထားသော မေးခွန်းနဲ့ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကူအညီဖြင့် အင်အားသုံး ဖျက်သိမ်းနှင်ထုတ်ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြ ဆောင် ရွက်ခြင်းသာဖြစ်ပါကြောင်းနှင့် ယင်းကဲ့သို့ ဖြေရှင်းမဆောင်ရွက်မီ ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ယူထားခဲ့တဲ့ စာရင်းဇယားအရ ကျူးကျော်တဲ့အိမ်ခြေအရေအတွက် မှာ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါအတိုင်း အိမ်ခြေ (၈၀၀၀)မဟုတ်ဘဲ အိမ်ခြေ(၁၂၈၀)သာ ဖြစ် ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အထက်ပါဆုံးရှုံးနစ်နာမှုများဟာ ကျူးကျော်သူများမှ ကျူးကျော်ဝင် ရောက်ခြင်းကြောင့်သာ ဖြစ်ရခြင်းဖြစ်ပြီး ဌာနအနေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ဌာနအနေဖြင့် လျော်ကြေး၊ နစ်နာကြေးနှင့် နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိလူကြီးမင်းများအားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ကို ဖတ်ကြား တင်ပြမှာဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
# ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်
# စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ် ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၇၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်

၁။ ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၅-၄-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ မူလဥပဒေသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု မရှိခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် အဆင့်ဆင့် ပြောင်းလဲလာခြင်းကြောင့်လည်းကောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးနေပြီဖြစ်ခြင်းကြောင့်လည်းကောင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှု မရှိခြင်းကြောင့်လည်းကောင်း ဤဥပဒေကို ဆက်လက်ပြဋ္ဌာန်းရန်မသင့်ဘဲ ရုပ်သိမ်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ကောင်စီ ဥပဒေ (ဥပဒေ အမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၅-၂၀၁၆ ရက်နေ့ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဥပဒေကြမ်းကော်မတီ၊ အဖွဲ့ဝင် ဦးအောင်ကြည်ညွန့် က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ) အရ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)** ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပြီးတော့ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကို လွှတ်တော်က လက်ခံဆွေးနွေးဖို့ရန်အတွက် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ မူလဥပဒေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တုန်းက ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့တာဖြစ်ပြီးတော့ အခုအခါမှာတော့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိတော့တဲ့အပြင် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးစနစ် အဆင့်ဆင့်ကလည်းပြောင်းလဲပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်တဲ့အတွက်ကြောင့် ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှု မရှိတဲ့အတွက် မူလဥပဒေကြမ်းကို ရုပ်သိမ်းဖို့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ တင်သွင်းမယ့် ဥပဒေကြမ်းမှာ အပိုဒ် ၂ ပိုဒ်သာ ပါ ပါတယ်။

ပထမအပိုဒ်မှာ ဥပဒေကြမ်းရဲ့ အမည်ဖြစ်ပြီးတော့ ဒုတိယအပိုဒ်ကတော့ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၁၉၇၇ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်လို့ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်ကာလနဲ့ မလျော်ညီတော့တဲ့ ဒီမူလဥပဒေကို ပယ်ဖျက်ဖို့

ယခုတင်သွင်းတဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံ ကြားနာပေးပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ဦးအောင်ကြည်ညွန့် တင်သွင်းသွားတဲ့ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ခေတ်နဲ့ မလျော်ညီတော့တဲ့အတွက် ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းကို ထောက်ခံအပ်ပါ တယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးအောင်ကြည်ညွန့် တင်သွင်းတဲ့ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် တင်သွင်းထားတဲ့ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အရေးကြီးအဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်သည် ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီးတော့ ကျွန်တော်၏ ဖခင်မှာလည်း ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ ကန်ဇောက်ကျေးရွာဇာတိ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ၏ အရေးကြီးအဆိုပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

Power point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ပထမဦးစွာ အဆိုရှင်အနေဖြင့် AA တပ်မတော်လို့ သုံးနှုန်းပြောဆိုခဲ့တာနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀(က)မှာ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်ဟု ပါရှိပြီးဖြစ်သဖြင့် နိုင်ငံတစ်နိုင်ငံမှာ တပ်မတော်တစ်ရပ်သာ ရှိပါတယ်။ AA တပ်မတော်ဆိုသည့် အသုံးအနှုန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိပါသဖြင့် ဖွဲ့စည်းပုံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ဇယား(၄)ပါအတိုင်း ကတိသစ္စာပြုထားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သုံးနှုန်းပြောဆိုခွင့်မရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ AA သောင်းကျန်းသူအဖွဲ့အစည်း ပေါ်ပေါက်လာပုံကို တင်ပြလိုပါတယ်။ ၁၉၈၈ ခုနှစ်၊ အရေးအခင်းဖြစ်ပြီးနောက်ပိုင်းမှာ ရခိုင်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ National United Party of Arakan (NUPA) အဖွဲ့ကို Arakan National Liberation Party (ANLP), Arakan Communist Party (ACP), Arakan Independence Organization (AIO), Arakan Liberation Party (ALP)နဲ့ Team Nation Party(TNP) တို့နဲ့ နယ်စပ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှာ (NUPA)အဖွဲ့မှ (ALP)မပါ (NUPA)ပါတီ တစ်ခုတည်းဖြင့် ပေါင်းစည်းဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ (NUPA)၏ လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ National Arakan Liberation Army (NALA)နဲ့ (AA)တို့ပေါင်းစည်းပြီးတော့ AA သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ အဖွဲ့ထဲမှာ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီးတော့ မောင်စိန်ညွန့် ခေါင်းဆောင်သည့် (NUPA)အဖွဲ့နှင့် ထွန်းအောင်ကျော် ခေါင်းဆောင်သည့် Democratic Party of Arakan (DPA)တို့ နှစ်ဖွဲ့ကွဲခဲ့ပါတယ်။

၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ (NUPA)အဖွဲ့၏ လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ AA အဖွဲ့ကို သန်းရွှေ၊ ခိုင်လင်းနိုင်တို့မှ အာဏာသိမ်းယူပြီးတော့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ១၅ ရက်နေ့မှာ AA သောင်းကျန်းသူအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။ AA သောင်းကျန်းသူအဖွဲ့ အနေနဲ့ အစိုးရရဲ့ငြိမ်းချမ်းရေးဆွေးနွေးမှုများကို လက်ခံခဲ့သဖြင့် ၂၀၀၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှာ AA သောင်းကျန်းသူအဖွဲ့မှ ဒုတိယစစ်ဦးစီးချုပ်အဆင့်ရှိတဲ့ သန်းရွှေ ဦးစီးတဲ့ တပ်ဖွဲ့ဝင်(၈၅)ဦး၊ မှီခိုသူ(၁၉၉)ဦး ပေါင်း(၂၈၄)ဦးသည် အလင်းဝင်ရောက်ခဲ့ပါတယ်။

ဆက်လက်ပြီး ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ AA သောင်းကျန်းသူအဖွဲ့မှ စစ်ဦးစီးချုပ်အဆင့်ရှိတဲ့ ခိုင်ဖော် ဦးစီးအင်အား(၁၁)ဦးသည် ထပ်မံအလင်းဝင်ရောက်ခဲ့ပါတယ်။ AA သောင်းကျန်းသူအဖွဲ့သည် စစ်ရေးအရ လှုပ်ရှားနိုင်ခြင်းမရှိတော့ဘဲ နိုင်ငံရေးအရသာ လှုပ်ရှားခဲ့ ကြောင်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လမှာ ထွန်းမြတ်နိုင်၊ ညိုထွန်းအောင်နဲ့ လင်းသစ်တို့သည် AA သောင်းကျန်းသူအဖွဲ့အား ပြန်လည်အသက်သွင်း ဖွဲ့စည်းနိုင်ဖို့အတွက် ရန်ကုန်မြို့နဲ့ စစ်တွေမြို့ တွေမှာရှိတဲ့ ရခိုင်လူငယ်များကို စည်းရုံးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ပထမအပတ်မှာ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်တဲ့ (NCA)ဆွေးနွေးပွဲမှာပါဝင်ပြီးတော့ လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ လက်နက်ကိုင် အဖွဲ့အစည်းရဲ့ ဌာနချုပ်ရှိရာ (KIA)လိုင်ဇာစခန်းမှာ သင်တန်းတက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။ AA သောင်းကျန်းသူအဖွဲ့ကို ၂၀၀၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ အဖွဲ့ဝင်(၂၆)ဦးနဲ့ ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းအဖွဲ့မှ ထွန်းမြတ်နိုင် အား စစ်ဦးစီးချုပ်တာဝန်၊ ညိုထွန်းအောင် အား ဒုတိယ စစ်ဦးစီးချုပ်တာဝန်နဲ့ လင်းသစ် အား စစ်ဒေသမှူးတာဝန် ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ AA လက်နက်ကိုင်အဖွဲ့သည် ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံ မြောက်ပိုင်း လဂျန်းယန်ဒေသမှာ KIA လက်နက်ကိုင်တပ်ဖွဲ့နဲ့အတူ မြန်မာ့တပ်မတော်စစ်ကြောင်းများ ကို တိုက်ခိုက်ခြင်း၊ ၎င်းအပြင် ၂၀၁၅ ခုနှစ် လောက်ကိုင်ဒေသကိုသိမ်းပိုက်ပြီး နိုင်ငံတော်၏ အုပ်ချုပ်မှု

ယန္တရားများ ပျက်သုဉ်းစေရန်ရည်ရွယ်၍ (MNDAA)မှ တိုက်ခိုက်သည့်တိုက်ပွဲများတွင်လည်း (ANLA) (MNDAA)တို့နဲ့အတူ တပ်ပေါင်းစုအတွင်း ပါဝင်တိုက်ခိုက်ပေးတဲ့အပြင် အဆိုပါအဖွဲ့အစည်းများသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ ယခင်အစိုးရအဖွဲ့ သမ္မတဟောင်း ဦးသိန်းစိန် မှ ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီးနောက်ပိုင်းမှာ အစိုးရ၏အုပ်ချုပ်မှုယန္တရားနှင့် တပ်မတော်စစ်ကြောင်းများအား နှောင့်ယှက် တိုက်ခိုက်လာသည့် တည်ဆဲဥပဒေကို ချိုးဖောက်ခဲ့သည့်အဖွဲ့အစည်းများဖြစ်ပါကြောင်း AA အကြမ်းဖက် လက်နက်ကိုင်အဖွဲ့ရဲ့ သမိုင်းကြောင်းအား လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဗိုလ်မှူးကြီး စိုးရွှေ၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၇၇၁ ဒုတိယဗိုလ်မှူးကြီး စိုးရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ အရေးကြီးအဆိုနဲ့ပတ်သက်၍ ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ဆွေးနွေးချက်အား Power point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ အရေးကြီးအဆိုထဲမှာ မြန်မာ့ တပ်မတော်နဲ့ AA သောင်းကျန်းသူအဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေတဲ့တိုက်ပွဲများကို ချက်ချင်းရပ်စဲဖို့ဆိုတာ ပါ ပါတယ်။ ယခုတလော တစ်ကျော့ပြန်ဖြစ်ပွား နေတဲ့ တိုက်ပွဲများဟာ ကျွန်တော်တို့တပ်မတော်၏ စတင်မှုကြောင့်ဖြစ်တဲ့တိုက်ပွဲများ မဟုတ်ကြောင်း ဆွေးနွေးလိုပါတယ်။ ပြည်နယ်အတွင်း ၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ အရ ဗကပ ဗဟိုကော်မတီဝင် ဗိုလ်သက်ထွန်း အလင်းဝင် ပြီးနောက်ပိုင်း အေးချမ်းတည်ငြိမ်လျက်ရှိတဲ့ ရခိုင်ပြည်နယ်ထဲသို့ AA သောင်းကျန်းသူအဖွဲ့ ဝင်ရောက် လာ၍သာ ရခိုင်ပြည်နယ်အတွင်းနှင့် အနောက်ဘက်ဒေသကို လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ရခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းနေပြီးသား ရခိုင် ပြည်နယ်အတွင်း မတည်ငြိမ်မှု၊ ဆူပူအုံကြွမှု၊ လှုံ့ဆော်မှုမှတစ်ဆင့် ယခုကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများ ရည်ရွယ်ချက်ဖြင့် မပြုလုပ်လျှင် တိုက်ပွဲများလည်း ဖြစ်စရာအကြောင်းမရှိပါ။ ဒါကြောင့် တစ်ကျော့ပြန် ဖြစ်ပွားနေတဲ့ တိုက်ပွဲများကို ချက်ချင်းရပ်ဖို့ဆိုတာ လက်နက်ကိုင်ပဋိပက္ခ မရှိမှသာ ဒါမှမဟုတ် AA သောင်းကျန်းသူအဖွဲ့မှ ဥပဒေနှင့်အညီ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်မှသာ တိုက်ပွဲရပ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအား လက်နက်အားကိုးဖြင့် တောင်းဆိုမှုကို မည်သည့်ဒီမိုကရေစီနိုင်ငံတော်နှင့် နိုင်ငံသားများမှ လက်သင့်မခံကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ယခုတိုက်ပွဲဖြစ်ပွားနေတဲ့ မယ်ခတောင်ရဲ့ မြောက်ဘက် နှစ်နိုင်ငံနယ်စပ်မျဉ်း ဘီပီ ၆၆ ရဲ့ မြောက်ဘက်ခြမ်းနဲ့ ဘီပီ ၆၈ ရဲ့ အနောက်ဘက်ဒေသတွေမှာ အခြေခံပြီး ငြိမ်းချမ်းပြီးသားဖြစ်တဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းကို (၃) ကြိမ်တိုင်တိုင် ဝင်ရောက်ခဲ့ကြောင်း တွေ့ရပါတယ်။ ပထမအကြိမ်အနေဖြင့် တင်ပြခဲ့တဲ့ နယ်စပ်မှတ်တိုင်တွေကနေတစ်ဆင့် အာကာတောင်ဒေသကို ၂၉-၃-၂၀၁၅ ရက်နေ့မှ ၆-၆-၂၀၁၅ ရက်နေ့အထိ ဝင်ရောက်ခဲ့ပါတယ်။ ဒီလိုဝင်ရောက်ခဲ့တဲ့အတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေတဲ့ တပ်မတော်စစ်ကြောင်းများနဲ့ ထိတွေ့မှု (၇)ကြိမ်၊ ဖော်ထုတ်ရှင်းလင်းမှု (၅) ကြိမ်၊ ဖမ်းဆီးရမိမှု (၈)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ၎င်းဖြစ်စဉ်များမှာ လက်နက် (၃၉)လက် သိမ်းဆည်းရမိခဲ့ပြီး၊ AA သောင်းကျန်းသူအဖွဲ့ဝင် (၁၃)ဦး ဖမ်းဆီးရမိခဲ့ပါတယ်။ ဒုတိယအကြိမ်အနေဖြင့် ဘူးသီးတောင်နယ်မြေအတွင်းသို့ ၂၈-၁၂-၂၀၁၅ ရက်နေ့မှ ၂-၃-၂၀၁၆ ရက်နေ့အထိ ဝင်ရောက်ခဲ့ပါတယ်။ ဒီလိုဝင်ရောက်ခဲ့တဲ့အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိတဲ့ တပ်မတော်စစ်ကြောင်းများနဲ့ ထိတွေ့မှု (၂၅)ကြိမ်၊ ဖော်ထုတ်ရှင်းလင်းမှု (၆)ကြိမ်၊ ဖမ်းဆီးရမိမှု (၁၀)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ၎င်းဖြစ်စဉ်များမှ လက်နက်(၄၆)လက် သိမ်းဆည်းရမိခဲ့ပြီး AA သောင်းကျန်းသူ အဖွဲ့ဝင်(၂၀)ဦး ဖမ်းဆီးရမိခဲ့ကာ အဖွဲ့ဝင်(၇)ဦး အလင်းဝင်ရောက်ခဲ့ပါတယ်။ တပ်မတော်မှ တပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိစစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

တတိယအကြိမ်အနေဖြင့် တောပြာချောင်း၊ ရိုးချောင်းနယ်မြေအတွင်းသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း တောတောင်ရေမြေ ကောင်းမွန်မှုအပေါ် ဝင်ရောက်လာကြောင်းအား ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး ပျက်ပြားမှာကို စိုးရိမ်တဲ့ ဒေသခံလူထုရဲ့ သတင်းပေးပို့မှုအရ နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိတဲ့ တပ်မတော်စစ်ကြောင်းများနဲ့ ဧပြီလ ၁၆ ရက်နေ့မှ ယနေ့အချိန်အထိ ထိတွေ့မှု(၁၀)ကြိမ်၊ ဖော်ထုတ်ရှင်းလင်းမှု (၂)ကြိမ်၊ ဖမ်းဆီးရမိမှု (၁)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ၎င်းဖြစ်စဉ်များမှ လက်နက်(၉)လက် သိမ်းဆည်းရမိခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့ဝင် (၅)ဦး အလင်းဝင်ရောက်ခဲ့ပါတယ်။ တပ်မတော်မှ ယာယီတပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိစစ်သည် အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါတယ်။ AA သောင်းကျန်းသူများအနေနဲ့ ငြိမ်းချမ်းနေတဲ့ ရခိုင်ပြည်နယ်အတွင်းသို့ (၃)ကြိမ်တိုင်တိုင် ဝင်ရောက်ခဲ့မှုဖြစ်စဉ်မှာ တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့မှုစုစုပေါင်း(၄၂)ကြိမ်၊ ဖော်ထုတ်ရှင်းလင်းမှု စုစုပေါင်း (၁၃)ကြိမ်၊ ဖမ်းဆီးရမိမှု စုစုပေါင်း(၁၉)ကြိမ်၊ သိမ်းဆည်းရမိမှု လက်နက်စုစုပေါင်း (၉၄)လက်၊ ဖမ်းဆီးရမိသူ AA သောင်းကျန်းသူ (၃၄)ဦး၊ အလင်းဝင်လာသူ (၁၃)ဦးရှိကြောင်း တွေ့ရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တင်ပြပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူနဲ့ အလင်းဝင်ရောက်သူ AA သောင်းကျန်းသူအဖွဲ့ဝင်များရဲ့ စစ်ကြောချက်များနဲ့ သိမ်းဆည်းရမိလက်နက်များကို နှိုင်းယှဉ်ဖော်ထုတ်ချက်အရ AA သောင်းကျန်းသူ အဖွဲ့ဝင်များက မြန်မာပြည်မြောက်ပိုင်း NCA ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော်လည်း လက်မှတ်ရေးထိုးခြင်းမရှိသည့်အဖွဲ့အစည်းထံ တပည့်ခံပြီး လက်နက်အားကိုးဖြင့် ရခိုင်ပြည်နယ်လူထုကို အနိုင်ကျင့်ဖို့ ဖြတ်လမ်းနည်းနဲ့ အာဏာရရှိဖို့နဲ့ ဒေသအတွင်းဆူပူမှု၊ မတည်ငြိမ်မှုများဖြစ်စေရန် ရည်ရွယ်၍ လုပ်ဆောင်လာ

တာကို ထင်ထင်ရှားရှား တွေ့ရမှာဖြစ်ပြီး၊ တချို့မသိနားမလည်တဲ့ သိလျက်နဲ့ မိမိဘာသာ အာဏာရယူလိုတဲ့လူပုဂ္ဂိုလ် ပါတီအဖွဲ့အစည်း အချို့ကလည်း ပြည်နယ်ရဲ့ နိုင်ငံရေး၊ စစ်ရေး၊ လူစွမ်းကောင်းအဖြစ် မြှောက်ပင့် ဂုဏ်ဖော်နေကြတာကိုလည်း တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုလို တစ်ကျော့ပြန်တိုက်ပွဲများ ဖြစ်ပွားလာရခြင်းမှာ တပ်မတော်က စတင်ခြင်းကြောင့်မဟုတ်ဘဲ AA သောင်းကျန်းသူအဖွဲ့က စတင်ခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း ဆွေးနွေးအပ်ပါတယ်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ အရေးကြီးအဆိုထဲမှာ ကျေးရွာတချို့မှ ရွာသူ/ရွာသား တချို့ Porter ဆွဲခံရ၊ တချို့သေဆုံးရ အပြစ်မဲ့ပြည်သူများ တိုက်ပွဲရှောင် ဒုက္ခသည်များအဖြစ် တိမ်းရှောင်ထွက်ပြေးနေကြရတာ ကြားသိတွေ့မြင်နေရကြောင်း ပြောကြားသွားခဲ့ပါတယ်။ ကျွန်တော်တို့ တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေရှင်းလင်းချိတက်စဥ်မှာ ကိုယ်စားလှယ်တော်ကြီး စွပ်စွဲသလို Porter သုံးစွဲမှုမရှိကြောင်း အသိပေးလိုပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ ၁၉၉၀ ပြည့်နှစ်က စပြီးတော့ နိုင်ငံတော်က ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်အမှတ် ၁/၉၀ ကို တိကျစွာ လိုက်နာလျက်ရှိပါတယ်။ ၎င်းကြေညာချက် ထုတ်ပြန်ပြီးနောက်ပိုင်းမှာလည်း ကျွန်တော်တို့ တပ်မတော်အနေဖြင့် နယ်မြေရှင်းလင်းချိတက်ချိန်မှာ စစ်သည်များအနေနဲ့ ကိုယ့်ရိက္ခာနှင့် ခဲယမ်းများကို ကိုယ်တိုင် သယ်ဆောင်စနစ်မှသည် လိုအပ်သောခဲယမ်းများနဲ့ အသုံးအဆောင်ပစ္စည်းများအား ဝန်တင်လား၊ မြင်းများ အသုံးပြုပြီး သယ်ဆောင်သွားလာသည့်စနစ်၊ ၎င်းမှတစ်ဆင့် နောက်ဆုံး တပ်မတော်အနေဖြင့်လည်း Standard Army အဖြစ် စနစ်တကျ ခေတ်မီတန်းစစ်ဆင်ရေးတာဝန်များ၊ အောင်မြင်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ထမ်းဆောင်စဥ်မှာ Porter သုံးစွဲခြင်းမရှိကြောင်း၊ ရှိလျှင်လည်း အထောက်အထား ခိုင်လုံပါက ပြင်းထန်စွာ အရေးယူသွားမှာဖြစ်ကြောင်း အသိပေး ဆွေးနွေးအပ်ပါတယ်။ Porter အသုံးပြုခြင်းကိစ္စ၊ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများနှင့်စပ်လျဥ်း၍ ALP အဖွဲ့မှ ၂၄-၄-၂၀၁၆ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခြင်းအပေါ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့မှ ALP အဖွဲ့ ဆက်ဆံရေးတာဝန်ခံအား ခေါ်ယူဆွေးနွေးချက်အရ ALP အနေဖြင့် အထောက်အထားမှတ်တမ်းများ တိကျခိုင်လုံစွာ တင်ပြပေးနိုင်ခြင်းမရှိ၍လည်း လိုအပ်တဲ့တရားစွဲဆိုမှုများ ပြုလုပ်ရန် စီစဥ်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ငြိမ်းချမ်းနေသော ရခိုင်ပြည်နယ်အတွင်းသို့ ယခင်အစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့သည့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဝင်ရောက်မှု တိုက်ပွဲဖြစ်စဥ်များနဲ့ စပ်လျဥ်းပြီး မည်သည့်အသံမှ မကြားရသလို မည်သည့်အဖွဲ့အစည်းကလည်း ယခုကဲ့သို့ နိုင်ငံရေးနဲ့ ဆက်နွယ်တဲ့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း၊ လှုပ်ရှားခြင်းများမရှိကြောင်း တွေ့ရှိရပါတယ်။ AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ငြိမ်းချမ်းနေတဲ့ ရခိုင်ပြည်နယ်အတွင်းသို့ တတိယအကြိမ် ဝင်ရောက်လာပြီးနောက်မှ ဖြစ်ပွားခဲ့သည့် တိုက်ပွဲဖြစ်စဥ်များအပေါ် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်း၊ ယခုကဲ့သို့ အရေးကြီးအဆိုတင်သွင်းခြင်းတို့မှာ ရည်ရွယ်ချက်ရှိရှိဖြင့် မရိုးသားသော အကြံအစည်များ ရှိနေပြီး လက်ရှိအစိုးရအသစ်ရဲ့ ရက်(၁၀၀)စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုခြင်းကြောင့်သာဖြစ်နိုင်ကြောင်း သုံးသပ် ဆွေးနွေးအပ်ပါတယ်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူ၊ အလင်းဝင်သူ AA သောင်းကျန်းသူများကို သတ်ဖြတ်တယ်လို့ ဝါဒဖြန့်တာတွေ ရှိနေပါတယ်။ အဆိုပါ စွပ်စွဲချက်များမှာ လုံးဝ မှန်ကန်မှုမရှိပါကြောင်းနဲ့ ၎င်းကိစ္စနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာနယ်မြေသို့ အချိန်မရွေး သွားရောက်စစ်ဆေး၍ရပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ အလင်းဝင်လာသူ AA သောင်းကျန်းသူ အဖွဲ့ဝင်များကို စိစစ်ပြီးပြန်လွှတ်သင့်သူကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ဖမ်းဆီးရမိသူ AA သောင်းကျန်းသူ အဖွဲ့ဝင်များနဲ့ အကူအညီပေးသူများကိုလည်း တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒီလိုအရေးယူရန် လွှဲပြောင်းပေးအပ်တဲ့လူများအထဲမှ AA သောင်းကျန်းသူ အဖွဲ့ကို ကူညီသူ(၄)ဦးအား တရားဥပဒေအရ အရေးယူခဲ့သော်လည်း ပြစ်ဒဏ်ကျခံ နေရစဉ်အတွင်းမှာ နိုင်ငံရေးအကျဉ်းသား မဟုတ်သော်လည်း လွတ်ငြိမ်းချမ်းသာခွင့်အရ ပြန်လည်စေလွှတ်ပေးထားတာကို တွေ့ရတာဖြစ်တဲ့အတွက် မဖြစ်သင့်တဲ့ဆောင်ရွက်ချက်ဖြစ်ကြောင်း ဆွေးနွေးအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ဖြစ်စဉ်များမှာ ကျွန်တော်တို့ တပ်မတော်အနေနဲ့ တစ်ဖက်သတ်ရပ်လို့မရပါဘူး။ ငြိမ်းချမ်းနေပြီးသား ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းသို့ AA သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လာ၍သာ ယခုကဲ့သို့ တိုက်ပွဲများ ဖြစ်ပွားနေရတာဖြစ်ပြီး AA သောင်းကျန်းသူအဖွဲ့ အနေနဲ့ ဥပဒေနဲ့အညီ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်မှသာ တိုက်ပွဲများ ရပ်စဲသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အနေနဲ့ လက်ရှိအခြေအနေမှာ ဘင်္ဂလီအရေးကိစ္စ ထိလွယ် ---------------------- (ဩဘာသံများ)


တိုက်ပွဲဖြစ်စဉ်နှင့် AA သောင်းကျန်းသူများ ဝင်ရောက်လာသည့်လမ်းကြောင်းပြမြေပုံ (ခ)



တိုက်ပွဲဖြစ်စဥ်နှင့် AA သောင်းကျန်းသူများ ဝင်ရောက်လာသည့်လမ်းကြောင်းပြမြေပုံ (ခ-၁)




အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း သိမ်းဆည်းရမိသည့် လက်နက်များပုံ (ခ-၂)




KO-13 အမျိုးအစား သေနတ်



KO-11 အမျိုးအစား သေနတ်

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းထိုက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဗိုလ်မှူးကြီး သန်းထိုက်၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ အရေးကြီးအဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ကို Power point ဖြင့် တင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ တည်ငြိမ်အေးချမ်းတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဘူးသီးတောင်၊ ပလက်ဝ၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်နီမော်တို့မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေ၊ မျက်မှောက်ဖြစ်စဉ်များမှာ တပ်မတော်အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုနဲ့ ပူးပေါင်းပြီး ဥပဒေနဲ့အညီ ပြတ်ပြတ်သားသား၊ မျှမျှတတ ကာကွယ်စောင့်ရှောက်ပေးခဲ့ပြီး ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းလုံခြုံအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း တပ်မတော်ဟာ ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ရခိုင်၊ မြို၊ ခမီး စတဲ့တိုင်းရင်းသားများအပြင် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးစုအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ပထဝီအနေအထားအရ မိမိပြည်နယ်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းနဲ့ လုံခြုံရေးကို တပ်မတော်နှင့် လက်တွဲဆောင်ရွက်ရမယ့်အစား ကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်ကို ရန်သူသဖွယ်နဲ့ မိမိပြည်နယ်ကို မိမိကာကွယ်ဖို့ လက်နက်ကိုင်အဖွဲ့အစည်းရှိဖို့လိုတယ်ဆိုတဲ့ မှားယွင်းတဲ့ အယူအဆနဲ့ ဆူပူမှု၊ တည်ငြိမ်မှုကို ပျက်ပြားအောင်လုပ်တဲ့ သောင်းကျန်းသူအဖွဲ့ကို နိုင်ငံရေး၊ စစ်ရေးသူရဲကောင်းအဖြစ် ဦးတည်ပုံဖော်နေမှုဟာ ဦးတည်ချက် မှားနေတာပဲ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ဂီရိမဟာစင် မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုကို ကယ်ဆယ်ဆောင်ရွက်ရာမှာလည်းကောင်း၊ ပြန်လည်တည်ဆောက်ရာမှာလည်းကောင်း တပ်မတော်အနေနဲ့ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့တာ ကိုယ်စားလှယ်တော်ကြီးများ အားလုံးအသိပဲ ဖြစ်ပါတယ်။ AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်လာပြီး တပ်မတော်ကို စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သဖြင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၉၊ ပုဒ်မ ၃၄၁ တို့နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ တိုက်ပွဲရပ်ဖို့ဆိုတာ တပ်မတော်တစ်ဖက်တည်းက ဆောင်ရွက်၍ မရပါ။ တည်ငြိမ်အေးချမ်းနေတဲ့နေရာကို ဆူပူသောင်းကျန်းလို၍ ဝင်ရောက်လာခြင်းကြောင့် တိုက်ပွဲများဖြစ်ပွားရခြင်း ဖြစ်ပါတယ်။ ဝင်မလာရင် မဖြစ်ပါဘူး။ မည်သည့်ဒေသမှာမဆို ပြည်သူလူထုရဲ့ အကျိုးစီးပွားကို နှောင့်ယှက်လာပါက တပ်မတော်အနေနဲ့ ဥပဒေဘောင်အတွင်းက ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက်

တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူ(၆)ရပ်မှာပါဝင်တဲ့ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများကို လိုက်နာရန်ဆိုတဲ့အချက်နဲ့အညီ လိုက်နာဆောင်ရွက်ခြင်းမရှိတဲ့အတွက်ကြောင့် ဥပဒေဘောင်အတွင်းက ဆက်လက် ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။ NCA ဆွေးနွေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၆)ဖွဲ့အနက် (၈)ဖွဲ့က လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးလည်း နိုင်ငံတော်အစိုးရဲ့ ဦးဆောင်မှုနဲ့ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိတဲ့အဖွဲ့များ လက်မှတ်ရေးထိုးရေး၊ နိုင်ငံရေးဆွေးနွေးပွဲများမှာ အားလုံးပါဝင် ဆွေးနွေးနိုင်ရေးကိုလည်း တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စစ်ပွဲ ချက်ချင်းရပ်ဖို့ဆိုတာ တစ်ဖက်သတ်လုပ်ဆောင်၍မရဘဲ စစ်ပွဲရပ်စဲအောင်၊ ထာဝရငြိမ်းချမ်းအောင် ဆောင်ရွက်နေတဲ့ ဖြစ်စဉ်အသီးသီးမှာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ တိုင်းရင်းသားပြည်သူ အဆင့်အတန်းအားလုံးက တိုင်းပြည်ကြီး၊ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဖြူစင်သန့်ရှင်းတဲ့ စိတ်ဓာတ်နဲ့ အားလုံး ပူးပေါင်းဆောင်ရွက်ကြမှသာ စစ်ပွဲတွေမရှိဘဲ ထာဝရငြိမ်းချမ်းသာယာဝပြောတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အမြန်ဆုံး ဖြစ်ပေါ်လာမှာဖြစ်ကြောင်း သုံးသပ် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁ဝး၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁ဝး၅၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂-၅-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် တင်သွင်းခဲ့သည့် အရေးကြီးအဆိုဖြစ်တဲ့ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင် အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသော တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုရဲ့အပေါ်မှာ အကြံပြုဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အရေးကြီးအဆိုရဲ့ ရည်ရွယ်ချက်နဲ့ စေတနာကို လေးစားနားလည်ပါကြောင်း၊ ဒေသတွင်း စစ်မက်ဖြစ်ပွားခြင်း၊ တိုက်ခိုက်ခြင်းတို့ကို ရပ်ဆိုင်းပြီး ရေရှည်တည်တံ့ခိုင်မြဲမယ့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တင်သွင်းခဲ့တဲ့ အဆိုတစ်ရပ်ဖြစ်တဲ့အတွက် ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ သို့ရာတွင် လက်ရှိအစိုးရအနေနဲ့ ငြိမ်းချမ်းရေးကိစ္စရပ်များ၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုံလဉ္စသာဟ စိုက်ထုတ်မှု ရှိ/မရှိ ကိုလည်း လေ့လာဆန်းစစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီး

ဦးထင်ကျော် ရဲ့ နှစ်သစ်မိန့်ခွန်းမှာ မိမိတို့အစိုးရအနေနဲ့ တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးတို့အတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပေး ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း ပြီးခဲ့တဲ့ ဧပြီလ ၂၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JNCU) အဖွဲ့ဝင်များနှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးရာမှာ လာမယ့် တစ်လ၊ နှစ်လအတွင်း ၂၁ ရာစု ပင်လုံညီလာခံကို စတင်ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့တာ ကြားသိရပါတယ်။ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးတည်တံ့ခိုင်မြဲခြင်းမရှိပါက တကယ့်ငြိမ်းချမ်းရေးအတွက် ဆက်လက်သွား၍မရနိုင်ကြောင်း၊ မိမိအနေဖြင့် ငြိမ်းချမ်းရေးညီလာခံနှင့် အပစ်အခတ် ရပ်စဲရေးတွင် မပါဝင်သေးသည့်အဖွဲ့များ ပါဝင်လာရေးတို့ဟာ တစ်ပြိုင်တည်း ဆောင်ရွက်ရမည့် မျဥ်းပြိုင်များဖြစ်ပါကြောင်း၊ တစ်ခုပြီးမှတစ်ခုလုပ်၍မရပါကြောင်း၊ ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရန်အတွက် အချိန်ဆွဲဆောင်ရွက်သွားမည် မဟုတ်ပါကြောင်း၊ တစ်လ၊ နှစ်လအတွင်းမှာ ယခု အစီအစဥ်များကို ပြီးမြောက်၍ ငြိမ်းချမ်းရေးညီလာခံ စတင်ဆောင်ရွက်သွားချင်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မြဲစေရန် လက်မှတ်ရေးထိုးမှုကို မရှိသေးသည့် ကျန်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဥ်တွင် ပါဝင်လာနိုင်စေရန်နှင့် ငြိမ်းချမ်းရေးညီလာခံ အမြန်ဆုံးခေါ်ယူကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဥ်များအတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို အမြန်ဆုံး ကျင်းပသွားမည်ဖြစ်ကြောင်းတို့ကို အဆိုပါတွေ့ဆုံပွဲမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က အတိအလင်း ပြောကြားပြီး စီမံနေပြီဖြစ်ကြောင်း အများကြားသိပြီး ဖြစ်ပါတယ်။

အဆိုပါအစည်းအဝေးမှာ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကလည်း JNCA အနေနဲ့ NCA အကောင်အထည်ဖော်ရာမှာ စစ်ဘက်ဆိုင်ရာ သဘောတူညီချက်များကို ထိန်းသိမ်းလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တာဝန်ရှိကြောင်း၊ JNC ကို ပြည်ထောင်စု၊ ပြည်နယ်နဲ့ ဒေသဆိုင်ရာဆိုပြီး အဆင့်ဆင့် ဖွဲ့စည်းထားကြောင်း၊ အဆင့်တိုင်းတွင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြောင်း၊ အထောက်အကူပြုရေးအတွက် အဆင့်ဆင့်တိုင်းမှာ ရုံးအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီး အခြေအနေ၊ အချိန်အခါ လိုအပ်ချက်များအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နှင့် JNCU ၏ အစိုးရကိုယ်စားလှယ်များကို ပြင်ဆင်ဖွဲ့စည်းစရာရှိသည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းတင်ပြထားရာ ယင်းအဖွဲ့အနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေးအတွက် အစီအစဥ်များ ချမှတ်ဆောင်ရွက်နေကြောင်း သိရှိနေရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရအနေနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးထိပ်ပန်ပြီး တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် ဖော်ဆောင်ရာမှာလည်း

တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ဦးတည်ဆောင်ရွက်မည်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၏ အရင်းအမြစ်များကိုဖယ်ရှားရန် အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကိုအခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူ့ဘဝလုံခြုံအေးချမ်းစေရမည်။ လွတ်လပ်ခြင်း၊ တူညီသောအခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိခြင်းနှင့် ပြည့်စုံသော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်မည်။ ပြည်ထောင်စုဝင်ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပွင့်လင်းမြင်သာသော စီမံချက်များ ချမှတ်ဆောင်ရွက်မည်။ သဘာဝအရင်းအမြစ်များ ထုတ်ယူရာမှ ရရှိလာသည့် အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စုမူနှင့်အညီ ဒေသအလိုက် မျှတစွာ ခွဲဝေခံစားခွင့် ရှိစေရမည်။ တိုင်းရင်းသားများသည် အချင်းချင်းအကြား ဖြစ်ပေါ်လာသောပြဿနာများကို အပြန်အလှန်လေးစားမှုဖြင့် စားပွဲဝိုင်းဖြေရှင်းနည်းဖြင့် ဖြေရှင်းမည် ဆိုတဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ အခြေခံမူများကို လက်ကိုင်ကျင့်သုံးနေလျက်ရှိပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်များအရ လက်ရှိအစိုးရအနေနဲ့ ရခိုင်တိုင်းရင်းသားဒေသတွင်မျှသာမက နိုင်ငံတော်အတွင်း ပစ်ခတ်တိုက်ခတ်မှုဖြစ်ပွားနေတဲ့ ဒေသအားလုံးအတွက်ကိုပါ အလေးထားပြီး ဆောင်ရွက်နေလျက်ရှိကြောင်း သိသာမြင်သာ ထင်ရှားလှပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်တွင်းစစ်မီးငြိမ်းပြီး အေးချမ်းတည်ငြိမ်တဲ့ ပြည်ထောင်စု တည်ဆောက်နိုင်ရေးဟာ တကယ့်ကို သိမ်မွေ့နက်နဲတဲ့ အချင်းအရာ ဖြစ်ပါတယ်။ လက်တွေ့ဖြစ်နိုင်တဲ့ မူဘောင်အတွင်းက တည်တံ့ခိုင်မာတဲ့ သဘောတူညီမှုရရှိရေးအတွက် အလေးအနက် ချင့်ချိန်စဉ်းစား ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တာကြောင့် အဆိုရှင်ရဲ့ ယခုအရေးကြီးအဆိုကို လွှတ်တော်တွင် မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း လေးစားစွာ အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ချမ်းသာမှုနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် တင်သွင်းတဲ့ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်

အဖွဲ့ကို နိုင်ငံရေးအရဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်အနေနဲ့ ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

အခုလို ရှင်းလင်းတင်ပြရာမှာ နိုင်ငံတော်အကြီးအကဲက ပြေပြေပြစ်ပြစ် ချိုချိုသာသာနဲ့ သံတမန်ဆန်ဆန် တင်ပြပါလို့ လမ်းညွှန်မှာကြားလိုက်တာရှိပါတယ်။ သို့ပါသော်လည်း ကျွန်တော်ဟာ အမှုထမ်းသက်တစ်လျှောက်လုံး တပ်မတော်တာဝန်ထမ်းဆောင်ခဲ့ရတာမို့ စကားပြောမပြေပြစ်တာ၊ တင်းမာတာ၊ ကိုယ်စားလှယ်တော်ကြီးများ စိတ်ငြိုငြင်အောင် သုံးနှုန်းမိတာရှိရင် နားလည်ပေးပါလို့ ကြိုတင်ပန်ကြားလိုပါတယ်။ စတင် တင်ပြလိုတာကတော့ အဆိုရှင်နှင့်တကွ အချို့သောလွှတ်တော် ကိုယ်စားလှယ်ကြီးများ အမှတ်မှားနေတာကို ပြင်ဆင်တင်ပြလိုပါတယ်။ ကျွန်တော်တို့တပ်မတော်ဟာ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ရတဲ့၊ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရတဲ့ ပြည်ထောင်စုတပ်မတော် ဖြစ်ပါတယ်။ အတိတ်က ဗမာ့တပ်မတော် (Burma Army) မဟုတ်ဘူးဆိုတာ ဦးစွာရှင်းလင်း ပြောကြားလိုပါတယ်။ လူမျိုးတစ်မျိုးတည်းကိုသာ ကိုယ်စားပြုတဲ့ တပ်မတော်မဟုတ်တဲ့အတွက် ကျွန်တော်တို့ တပ်မတော်ကို ပြည်ထောင်စုတပ်မတော် သို့မဟုတ် တပ်မတော်ဟုသာ ခေါ်ဝေါ်သုံးစွဲရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ AA လက်နက်ကိုင်အဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၉ ရက်က စတင်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် AA လက်နက်ကိုင် အဖွဲ့အနေနဲ့ ယခင် တပ်မတော်အစိုးရလက်ထက်နဲ့ ယင်းမတိုင်မီ အစိုးရများလက်ထက်မှာ စတင် ပေါ်ပေါက် တိုက်ခိုက်ခဲ့တာမဟုတ်ကြောင်း သတိပြုစေလိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာ ပထမဆုံးအကြိမ် စတင်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ယခုနောက်ဆုံး ဦးဝေစိန်အောင် ရဲ့ အရေးကြီး အဆိုမှာပါတဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ တစ်ကျော့ပြန်တိုက်ခိုက်လာခြင်းဟာ လက်ရှိအစိုးရ အဖွဲ့လက်ထက်မှာ တိုက်ခိုက်လာခြင်းပဲ ဖြစ်ပါ တယ်။

ဒီနေရာမှာအဆိုရှင်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ရှုမြင်ကြရမယ့် အမှန်တရားဟာ AA လက်နက်ကိုင်အဖွဲ့ တိုက်ခိုက်ခြင်းဟာ နိုင်ငံတော်ကို လက်နက်စွဲကိုင် တိုက်ခိုက် နေခြင်းဖြစ်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်လို့ဆိုရာမှာ နိုင်ငံတော်ရဲ့ မဏ္ဍိုင်ကြီး(၃)ရပ် ဖြစ်တဲ့ သမ္မတကြီး ဦးထင်ကျော် ခေါင်းဆောင်တဲ့အစိုးရအဖွဲ့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့များမှသည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဆင့်အထိအားလုံး၊ နာယကကြီး မန်းဝင်းခိုင်သန်း ဦးဆောင်တဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ လွှတ်တော်များအားလုံး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ တရားစီရင်ရေးအဖွဲ့များ အားလုံး တို့ကို လက်နက်စွဲကိုင် တိုက်ခိုက်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၉ နဲ့အညီ နိုင်ငံတော်ကို ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်နေရသူများ ဖြစ်တဲ့အတွက် မြေပြင်မှာ နိုင်ငံတော်ကိုယ်စား တွန်းလှန်တိုက်ခိုက်နေရခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်း အားဖြင့် ပြောရရင် AA လက်နက်ကိုင်အဖွဲ့ဟာ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်တိုက်ခိုက်နေခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ မိမိတို့ရဲ့ လိုလားချက်များကို လွှတ်တော် ကိုယ်စားလှယ်ကြီးများ မှတစ်ဆင့် တင်ပြဆောင်ရွက်ခွင့် ရရှိနေပြီဖြစ်ပါတယ်။

ဒါ့အပြင် လက်ရှိသမ္မတကြီး ဦးထင်ကျော် ဦးစီးတဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတို့ကို ဦးစားပေးဆောင်ရွက်နေတာကို အားလုံးပဲ သိရှိထားပြီးဖြစ်ပါတယ်။ အဲလိုဖြစ်ပါလျက် နိုင်ငံတော်ကိုလက်နက်စွဲကိုင်တိုက်ခိုက်ခြင်းဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ကိစ္စတစ်ရပ်သာဖြစ်ကြောင်း ရှင်းလင်း ပြောကြားလိုပါတယ်။ ယခုကဲ့သို့ ဒီမိုကရေစီစနစ်ကို လျစ်လျူရှုပြီး နိုင်ငံတော်ကို လက်နက်စွဲကိုင်တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းမျိုးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ လက်ခံအသိအမှတ်ပြုမယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အရေးဟာ ရင်လေးဖွယ် ဖြစ်လာနိုင်ပါတယ်။ ဒီမိုကရေစီနည်းလမ်းအရ ဖြစ်သင့်ဖြစ်ထိုက်တဲ့ မိမိတို့လိုအင်ဆန္ဒများကို လွတ်လွတ်လပ်လပ် တင်ပြခွင့်ရှိပါလျက် နိုင်ငံတော်အပေါ် ကျေနပ်မှုမရှိတိုင်း လူအုပ်စုတစ်စုက ယခုကဲ့သို့ လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းမျိုးကို အသိအမှတ်ပြုမည်ဆိုပါက ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီ အရေးဟာလည်း ရတက်မအေးဖွယ်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ အဆိုမှာပါတဲ့ Porter ဆွဲခံရခြင်းနှင့်ပတ်သက်၍ တပ်မတော်အနေနဲ့ ၁၉၉၀ ပြည့်နှစ်ကစပြီး နိုင်ငံတော်ကထုတ်ပြန်ခဲ့တဲ့ ကြေညာချက်အမှတ်(၁/၉၀)ကို တိကျစွာ လိုက်နာလျက်ရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတပ်မတော်အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခဖြစ်စဉ်များနဲ့ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်မှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကျောသားရင်သားမခွဲခြားဘဲ တိုင်းရင်းသား ပြည်သူလူထုများနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကိုလည်း ကိုယ်စားလှယ်တော်ကြီးများ အသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနောက်ဆုံး တိုက်ပွဲများဖြစ်ပွားလျက်ရှိတဲ့ ရခိုင်ပြည်နယ်ဟာ အဖြူရောင်နယ်မြေအဖြစ် သတ်မှတ်ထားတဲ့နယ်မြေ ဖြစ်ပါတယ်။ တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့တဲ့ကာလဟာလည်း သမ္မတကြီး ဦးထင်ကျော် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ တာဝန်ယူပြီး ပထမဆုံး မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်းမှာ AA လက်နက်ကိုင်အဖွဲ့က အလစ်အငိုက် စတင်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်ပွဲများ ရပ်ဆိုင်းဖို့ဆိုတာ AA လက်နက်ကိုင်အဖွဲ့နဲ့သာသက်ဆိုင်ပြီး ပြည်ထောင်စုတပ်မတော်အနေနဲ့ကတော့ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် တုံ့ပြန်ဆောင်ရွက်နေရခြင်းသာဖြစ်ကြောင်း ရှင်းလင်း ပြောကြားလိုပါတယ်။

ဒီနေရာမှာ AA လက်နက်ကိုင်အဖွဲ့ဝင်များကို ဒီလွှတ်တော်ကတစ်ဆင့် အနည်းငယ် ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော အမျိုးသားရေးအန္တရာယ်များကို မျက်ကွယ်ပြုပြီး၊ တစ်နည်းအားဖြင့် အမျိုးသားရေးအန္တရာယ်များကို မသိကျိုးကျွံပြုပြီး တိုင်းရင်းသားများအရေးကို ဦးစားပေးကာကွယ်ဆောင်ရွက်နေတဲ့ ပြည်ထောင်စုတပ်မတော်ကို ယခုလို စတင်တိုက်ခိုက်ခြင်းဟာ အမျိုးသားရေးအန္တရာယ်ကို လက်ကမ်းခေါ်နေတဲ့ အပြုအမူသာဖြစ်ကြောင်း ဆင်ခြင်သုံးသပ်နိုင်ကြဖို့ ပြောကြားလိုပါတယ်။ တကယ့်အမျိုးသားရေးရန်သူများကို တွန်းလှန်တိုက်ခိုက်နေတဲ့ ပြည်ထောင်စုတပ်မတော်ကြီးကိုသာ အင်အားတောင့်တင်းအောင် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ သက်ဆိုင်သူများရဲ့ မိဘဆွေမျိုးများဟာ အစိုးရယန္တရားမှာ ပါဝင်ထမ်းဆောင်နေကြပြီး ဖြစ်သည့်အလျောက်

လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပြည်သူများ ရွေးချယ်တင်မြှောက်တဲ့ နိုင်ငံတော်အစိုးရနဲ့အတူ အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းပါကြောင်းလည်း သတင်းစကား ပါးလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ AA လက်နက်ကိုင်အဖွဲ့ဟာ ၂၀၁၅ ခုနှစ်က စတင်တိုက်ခိုက် ခဲ့ခြင်းဖြစ်သော်လည်း ယခု သမ္မတကြီး ဦးထင်ကျော် လက်ထက်တွင်မှ ယခုကဲ့သို့ စစ်ပွဲများရပ်ရန် ဆန္ဒဖော်ထုတ်ခြင်း၊ အရေးကြီးအဆို တင်သွင်းခြင်းတို့ဟာ လက်ရှိသမ္မတကြီး ဦးထင်ကျော် ဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရကို နိုင်ငံရေး အကျပ်အတည်း ဖြစ်ပေါ်စေရန်အတွက် ပုံဖော်ဖန်တီးရာလည်း ရောက်နေကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့ အနာဂတ်အရေးနဲ့ လက်ရှိနိုင်ငံရေးအခြေအနေများကို လွှမ်းခြုံ သုံးသပ်လျက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင်ကို မေတ္တာရပ်ခံလိုတာကတော့ ကိုယ်စားလှယ်တော်ကြီး တင်သွင်းထားတဲ့ အရေးကြီးအဆိုကို အဆိုရှင်အနေနဲ့ ပြန်လည်ရုပ်သိမ်းနိုင်ပါ ရန်နဲ့ လွှတ်တော်မှလည်း ကျွန်တော့်ရဲ့ ရှင်းလင်းတင်ပြချက်များကို ဆင်ခြင်သုံးသပ်၍ သင့်လျော်သလို ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် တင်သွင်းထားတဲ့ မြန်မာ့တပ်မတော် နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ် သင့်ကြောင်း အရေးကြီးအဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များကို မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး အကျေအလည် သိရှိပြီး ဖြစ်ပါတယ်။ ဆွေးနွေးချက်များကို အကျဉ်းချုံး ကြည့်လိုက်လို့ရှိရင် ပင်လုံစာချုပ်ကို မျက်ကွယ်ပြုလို့ တိုင်းရင်းသားများက လက်နက်စွဲကိုင် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံး စားပွဲဝိုင်းမှာ နိုင်ငံရေးအရ ဆွေးနွေးကြမှသာ ငြိမ်းချမ်းရေးရပြီး အပစ်အခတ်ရပ်စဲရေး ပေါ်ပေါက်လာမှာဖြစ်ကြောင်း ပေါ်ပေါက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှာကျင်းပတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာလည်း ရှိပါတယ်။

အဲဒီလိုဆွေးနွေးရာမှာ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်က အပစ်အခတ် ရပ်စဲရေးများ တည်တံ့ခိုင်မြဲအောင်လုပ်ရန် အရေးကြီးကြောင်း၊ အပစ်အခတ် ရပ်စဲရေးများ တည်တံ့ခိုင်မြဲမှုမရှိပါက ငြိမ်းချမ်းရေးအတွက် ဆက်၍မသွားနိုင်ကြောင်း၊ အပစ်အခတ် ရပ်စဲရေးတွင် မပါသေးတဲ့အဖွဲ့များကို ပါဝင်အောင်ဆွဲဆောင်ပြီး ငြိမ်းချမ်းရေးညီလာခံကို စတင်ကျင်းပမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး တာဝန်ယူ ဆောင်ရွက်မယ့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုကော်မတီဖွဲ့စည်းရေး ညှိနှိုင်း အစည်းအဝေးတစ်ရပ်ကိုလည်း နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်၍ မေလ ဒုတိယပတ် အတွင်း ကျင်းပသွားဖို့ ရှိကြောင်းလည်း သိရပါတယ်။

ဆွေးနွေးချက်ထဲမှာပါတဲ့ ပင်လုံစာချုပ်ကိုစွနဲ့ ပတ်သက်လို့လည်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်က ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် အချိန်ဆွဲဆောင်ရွက်သွားမှာ မဟုတ်ကြောင်းနဲ့ တစ်လ၊ နှစ်လအတွင်း ငြိမ်းချမ်းရေးညီလာခံကို စတင်ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန် ပြောကြားပြီး ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးနဲ့ ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးတို့ကို ဆောလျင်စွာ ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ အပစ်အခတ် ရပ်စဲရေးမှ တစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာမှာ မပါဝင်သေးတဲ့အဖွဲ့များကို ပါဝင်အောင် ဆောင်ရွက်မှာဖြစ်တဲ့အတွက် AA လက်နက်ကိုင် အဖွဲ့အစည်းဟာလည်း ငြိမ်းချမ်းရေးလုပ်ငန်းမှာ ပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်ထဲမှာ တစ်ဖွဲ့တည်းဆွေးနွေးမှု မဟုတ်ဘဲနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ဆွေးနွေးရန်လိုကြောင်း ပါဝင်နေသလို နိုင်ငံတော်အနေနဲ့ ကလည်း အပစ်အခတ် ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ မပါဝင်သေးတဲ့ အဖွဲ့များကို ပါဝင်စေပြီး အပစ်အခတ် ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အစဉ်တစိုက် ဆောင်ရွက်နေကြောင်း ပေါ်ပေါက်နေတဲ့အတွက် မှတ်တမ်းတင် ထားရှိသင့်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ဖ)အရ ဥက္ကဋ္ဌအနေနဲ့ အဆိုကို မှတ်တမ်းတင်ရန် သင့်/မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဒီလို အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

မှတ်တမ်းတင်ရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင်ခလုတ်ကို နှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် သဘောမတူတဲ့ ကိုယ်စားလှယ်များက အနီရောင်ခလုတ်ကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးပြီးပါပြီ။

ထောက်ခံမဲ (၁၉၅) မဲ၊ ကန့်ကွက်မဲ (၆) မဲ၊ ကြားနေမဲ (၁) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၂၀) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို ၁၁း၁၉ နာရီအချိန်တွင် ရပ်နားပါသည်။]